# ယူဗယ် နိုအာ ဟာရာရီရဲ့မူရင်း
# 'ဆေပီယန်..... လူ့သမိုင်းအကျဉ်း' အတွက် ချီးကျူးစကားများ

အလယ်ဗဟိုကနေ အလင်းတန်းတွေဖြာထွက်သလို ဖြစ်နေတဲ့ စာအုပ်ကြယ်ပွင့်။ စိတ်ဝင်စားစရာကောင်းသလောက် ပျော်စရာလည်းကောင်းပါတယ်။

**Sunday Express** (လန်ဒန်မြို့ထုတ်သတင်းစာ)

ကျွန်မအကြိုက်ဆုံးစာရေးဆရာတွေနဲ့ အတွေးအခေါ်ပညာရှင်တွေထဲကတစ်ဦးပါ။
သူက ကျွန်မတို့ရဲ့ လူ့သမိုင်းကိုပြောပြပုံနဲ့ ကျွန်မတို့ရဲ့အနာဂတ်ကို စူးစမ်းပုံတွေဟာ ရှင်တို့ဘဝင်ခိုက်သွားမှာပါ။

**နာတာလီ ပို့မန်း (အစ္စရေးမှာမွေးတဲ့ အမေရိကန် ရုပ်ရှင်မင်းသမီး၊ ဒါရိုက်တာ၊ ထုတ်လုပ်သူ)**

ကျွန်တော် အရင်လည်းပြောပြီးပါပြီ၊ နောင်လည်းအသေအချာ ပြောရဦးမှာပါပဲ။ ယူဗယ် နိုအာ ဟာရာရီရဲ့ ဆေပီယန်စာအုပ်ဟာ
အမှန်တကယ် လက်ဖျားခါလောက်ပါတယ်။ ဒီစာအုပ်က ကျွန်တော့်ရဲ့ ရှုမြင်ကြည့်ရှုပုံကို အားလုံးနီးပါး ပြောင်းလဲလိုက်ပါတယ်။

**ခရစ်အီဗန် ( Avengers မှ အမေရိကန်သရုပ်ဆောင်)**

"ဆေပီယန်" စာအုပ်က နိုင်ငံတကာမှာ အရောင်းရဆုံးအဆင့်ကို ပေါက်ကွဲသလို ဘာလို့ထိုးတက်သွားတာလဲဆိုတော့
ရိုးစင်းတဲ့အကြောင်းတစ်ခုပဲ ရှိပါတယ်။ အဲဒါကတော့ ရာဇဝင်သမိုင်းနဲ့ ခေတ်သစ်ကမ္ဘာရဲ့ အကြီးမားဆုံးမေးခွန်းတွေကို ကိုင်တွယ်ဖြေရှင်းခဲ့လို့ပါ။
ဒီစာအုပ်ကို မမေ့နိုင်စရာ ရှင်းလင်းတိကျတဲ့ စကားအသုံးအနှုန်းတွေနဲ့ ရေးထားပါတယ်။ နှစ်သက်ကြမှာပါ။

**ဂျာရက်ဒိုင်းမွန်း ( အမေရိကန်ပထဝီပညာရှင်၊ ပူလစ်ဇာဆုရ စာရေးဆရာ)**

ဒီစာအုပ်ကို စိတ်ဝင်စားစရာကောင်းအောင်နဲ့ ဖတ်ချင်အောင်ဆွဲဆောင်နေတာက လုံးဝအကျဉ်းချုပ်ထားတဲ့သမိုင်းတစ်ခုလို ဖြစ်နေလို့ပါ။
ဒီစာအုပ်က အခုလို ထူးခြားတဲ့ ခေတ်မီလူမှုအဖွဲ့အစည်းတည်ဆောက်ဖို့ ကျွန်တော်တို့ကို ခွင့်ပြုထားတဲ့ အဓိကအရာအချို့ကို ပြောပြပါတယ်။
အဲဒီအရာတစ်ချို့က ကျွန်တော်တို့ အလေးမမူခဲ့တာတွေ၊ မစဉ်းစားမိခဲ့တာတွေပါ။ ဒီစာအုပ်က ဒီမြေကမ္ဘာပေါ်မှာ
ကျွန်တော်တို့ ဘယ်လိုရှိနေသလဲဆိုတာကို အချုပ်အနေနဲ့ အရှိကိုအရှိအတိုင်း သိမြင်ခံစားစေပါတယ်။

**ဘားရက်အိုဘားမား (အမေရိကန်ပြည်ထောင်စုရဲ့ ၄၄ ဦးမြောက် သမ္မတ)**

တုန်လှုပ်ဖွယ်နဲ့အံ့ဩဖွယ် ဇာတ်လမ်းတွေအပြည့်ပါပဲ။

**Sunday Times** ( ဗြိတိန်မှ စောင်ရေအများဆုံးသတင်းစာ)

ဒီစာအုပ်က လတ်တလောကျွန်မဖတ်ခဲ့တဲ့ အကောင်းဆုံးစာအုပ်တွေထဲက တစ်အုပ်ပါ။ ဒီစာအုပ်က ကျွန်မတို့ ဆေပီယန်တွေ တိုးတက်ဖွံ့ဖြိုးလာပုံကို အကောင်းဆုံး
မြိုင့်သုံးသပ်ပြထားပါတယ်။ နောက်ပြီး ဒီနေ့ခေတ်မှာ ကျွန်မတို့ဟာ ဘယ်သူလဲ ၊ ဘာကြောင့်ရှိနေတာလဲ ဆိုတာကိုပါ နားလည်ဖို့ ကျွန်မတို့ကို ကူညီခဲ့ပါတယ်။

**လီလီကိုး (ဗြိတိန် မော်ဒယ်၊ စာရေးဆရာမ၊ ရုပ်ရှင်ဒါရိုက်တာ၊ သရုပ်ဆောင်၊ လုပ်ငန်းရှင်)**

ဟာရာရီက ကျွန်တော်တို့ သမိုင်းကို ချဉ်းကပ်နိုင်တဲ့ နည်းလမ်းမျိုးနဲ့ ပြောပြသွားတာပါ။ ခက်ခဲပြင်းထန်တဲ့ကာလကို စာဖတ်သူတွေ ခန့်မှန်းနိုင်မယ့်
နည်းလမ်းမျိုးနဲ့ပါ။ ကျွန်တော်ကတော့ သမိုင်းနဲ့ ကျွန်တော်တို့ မျိုးစိတ်တွေရဲ့အနာဂတ်ကို စိတ်ဝင်စားတဲ့သူ ဘယ်သူမဆို ဒီစာအုပ်ဖတ်ဖို့ အကြံပြုလိုပါတယ်။

**ဘီလ်ဂိတ် ( မိုက်ခရိုဆော့ဖ် ဆော့ဖ်ဝဲကုမ္ပဏီတည်ထောင်သူ၊ အမေရိကန် ဘီလျံနာ)**

အာရုံကို မလွတ်တမ်းဖမ်းစားနိုင်တဲ့၊ ဒဏ္ဍာရီဆန်ဆန် ကောက်ချက်ချထားတဲ့ ဒီစာအုပ်မှာ အသေးစိတ်အချက်အလက်တိုင်းက
အရေးကြီးနေလို့ ဘယ်အသေးစိတ်ကိုမဆို အကျဉ်းမချုံးနိုင်ပါဘူး။ ရိုးရိုးရှင်းရှင်းပဲ ဖတ်ကြရမှာပါ။

**Financial Times** ( ဗြိတိန်နိုင်ငံထုတ် စီးပွားရေးနေ့စဉ် သတင်းစာ)